**ဗြိတိန်နိုင်ငံခြားရေးရုံးဝန်ကြီးမှမြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သောကုလသမဂ္ဂဆုံးဖြတ်ချက်အား ကြိုဆိုလိုက်ခြင်း**

ဗြိတိန်နိုင်ငံခြားရေးရုံးဝန်ကြီး ဟူဂိုဆွိုင်း မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သော ကုလသမဂ္ဂ ဆုံးဖြတ်ချက်အပေါ် စိုးရိမ်ကြောင်းလည်းမှတ်ချက်ပြုခဲ့သည်။
ကုလသမဂ္ဂအထွေထွေညီလာခံတတိယကော်မီတီမှ မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သော ဆုံးဖြတ်ချက်တစ်ရပ်ကို ယမန်နေ့ကချမှတ်ခဲ့ခြင်းအပေါ် နိုင်ငံခြားရေးရုံးဝန်ကြီးက အောက်ပါအတိုင်းထုတ်ဖော် ပြောကြားခဲ့ပါသည် -

" မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂအထွေထွေညီလာခံမှ တူညီဆန္ဒဖြင့် ဆုံးဖြတ်ချက်ထပ်မံချမှတ်လိုက်ပါသည်။ ၎င်းဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံအစိုးရနှင့်အပြုသဘောဆောင်သော ဆက်ဆံမှုပေါ်ထွန်းလာရေးအတွက် ဗြိတိသျှအစိုးရ၊ ဥရောပသမဂ္ဂနှင့် အခြားမိတ်ဖက်နိုင်ငံများ၏ကြိုးပမ်းလုပ်ဆောင်မှုများရဲ့ သိသာထင်ရှားတဲ့အောင်မြင်မှုတစ်ရပ်ဖြစ်ပါတယ်။ ၎င်းဆုံးဖြတ်ချက်သည်နိုင်ငံရေးအကျဉ်းသားများဆက်လက်လွှတ်ပေးမှု၊ လွတ်လပ်စွာပြောဆိုခွင့်ပိုမိုရရှိလာစေမှုနှင့် အမျိုးသားပြန်လည်စည်းလုံးရေးအတွက် တိုးတက်ဖြစ်ပေါ်လာမှုတို့ကို အသိအမှတ်ပြုခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုပိုမိုဖြစ်ပေါ်လာရေးအတွက် ယခုထက်ပိုပြီး အားထုတ်ကြိုးပမ်းသွားရမှာဖြစ်ပါတယ်။ ၎င်းဆုံးဖြတ်ချက်ဟာ လာမည့်၂၀၁၅မှာကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကို စစ်မှန်တဲ့ ယုံကြည်မှုရရှိပြီး အလုံးစုံပါဝင်နိုင်မှုနှင့် ပွင့်လင်းမြင်သာမှုရှိတဲ့ရွေးကောက်ပွဲဖြစ်ရေးကိုဦးတည်သော အခြေခံဥပဒေပြင်ဆင်ရေးဆွဲရေးအချက်ကိုလည်း မီးမောင်းထိုးပြထားပါတယ်။ ကျွန်တော်တို့ဝန်ကြီးချုပ်ပြောကြားသကဲ့သို့ မြန်မာပြည်သူများအနေနဲ့ ၎င်းတို့တိုင်းပြည်ခေါင်းဆောင်ကို လွတ်လပ်စွာရွေးချယ်နိုင်ခွင့်ရရှိရမှာဖြစ်ပါတယ်။

ဤကုလသမဂ္ဂဆုံးဖြတ်ချက်ဟာ ကျွန်တော်တို့ရဲ့လူ့အခွင့်အရေးနဲ့ပတ်သက်လို့ စိုးရိမ်ပူပန်မှုများကိုလည်း အရေးပေးဖော်ပြထားပါတယ်။ ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံရဲ့အခြားသောဒေသများမှာဖြစ်ပေါ်ခဲ့တဲ့ လူမျိုးရေးပဋိပက္ခ ဖြစ်မှုရဲ့ အခြေခံအကြောင်းတရားများကိုလည်း ဖြေရှင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ၎င်းပဋိပက္ခများမှာ ပါဝင်ပတ်သက်ခဲ့သူများကိုအရေးယူပြီး ရိုဟင်ဂျာများရဲ့နိုင်ငံသားဖြစ်မှုနှင့်လူ့အခွင့်အရေးရရှိမှုများကိုလည်း ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်မှာ အရပ်သားများသေဆုံးမှုနှင့် လူအမြောက်အများရွှေ့ပြောင်းရမှုများအပေါ်လည်း စိုးရိမ်ကြောင့်ကြမှုများဖြစ်ရပါတယ်။ အဲဒါကြောင့် စစ်ပွဲများအမြန်ဆုံးရပ်ဆိုင်းပြီး ဘေးဒုက္ခကြုံတွေ့ရသူများ လူသားချင်းစာနာမှုအထောက်အပံ့များလွတ်လပ်စွာရရှိရေးတို့အတွက် ကျွန်တော်တို့အနေနဲ့တိုက်တွန်းပါတယ်။"